## “စနစ်တစ်ခုကို ရွေးချယ်ပြီး ခွဲခွဲမြဲမြဲလုပ်ပါ”

မိမိသည် လက်အောက်ငယ်သားများကို အပေါင်းအသင်းရောင်းရင်းများကဲ့သို့ ပျော်ပျော်ပါးပါးလက်တွဲလုပ်ကိုင်သွားရန်ရွေးချယ်ခဲ့မည်ဆိုလျှင်လည်း ဤအတိုင်းဖြစ်လာမှာပဲ။ စိတ်တိုစိတ်ဆတ်ပြီး မြေခွေးတစ်ကောင်ကဲ့သို့ နေထိုင်ကျင့်ကြံရန် ရွေးချယ်မည်ဆိုလျှင်လည်း မိမိ၏ဆုံးဖြတ်ချက်ပါပဲ။ မယုတ်မလွန် အလယ်အလတ်လောက်ဆိုလျှင်လည်း မိမိသဘောပါ။အဓိကဆိုလိုချင်သည်က မိမိအတွက်အလုပ်ဖြစ်မည့်စနစ်တစ်ခုကိုရွေးချယ်ပြီး၊ မိမိ၏ရည်မှန်းချက်ပြီးဆုံးသည်အထိ ထိုစနစ်အတိုင်းအမြဲတမ်းအာရုံစူးစိုက်လုပ်ကိုင်သွားရန်ဖြစ်ပါသည်။ မိမိ၏ ခေါင်းဆောင်မှုပုံစံကို ဟိုခုန်ဒီခုန်လုပ်နေလျှင် လက်အောက်မှ လူများအတွက် စိတ်ရှုပ်ထွေးစရာဖြစ်လာပြီး ဘာမျှလည်းအလုပ်မဖြစ်ပါ။ မိမိ၏ ဝိရောဓိအခင်းအကျင်းများနှင့် စိတ်ရှုပ်ထွေးစရာအချက်ပြမှုများသည် လက်အောက်ငယ်သားများ၏ လေးစားယုံကြည်မှုကိုဆုံးရှုံးစေပါသည်။မိမိ၏အယူအဆအရဆိုရလျှင် အတော်ဆုံးတပ်မှူးသည် တွန်းတွန်းတိုက်တိုက်နှင့် နေရာအနှံ့ရောက်ရသည့်ပုံစံရှိရမည်။ မည်သည့်အလုပ်လုပ်သည်ဖြစ်စေ တိုးဘဝမှစတင်ပြီး လူတော်ဖြစ်လာရခြင်းသည်ကောင်း ပါသည်။ လူတော်ဘဝမှစတင်ပြီးတိုးဘဝ ရောက်သွားရသည်မှာမကောင်းပါ။စကားအားဖြင့်ပြောရသည်မှာတစ်မျိုးကြီးဖြစ်သော်လည်းလူ့သဘောသဘာဝအရ ပြောရခြင်းဖြစ်ပါသည်။ လူတော်ဘဝမှ တိုးဘဝသို့ ပြောင်းလဲသွားခဲ့လျှင် လက်အောက်က လူများက မိမိကိုမနှစ်မြို့ဖွယ်အဖြစ်ရှုမြင်ကြပြီးမိမိအပြစ်ကြောင့်ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ဆိုးဝါးသောပြဿနာမှန်သမျှ ဝိုင်း၍အပြစ်တင်ကြပါလိမ့်မည်။ တိုးဘဝမှ လူတော်ဘဝသို့ပြောင်းလဲလာခဲ့လျှင်မူ လက်အောက်က လူများကမိမိလုပ်လိုသည်မှန်သမျှ ဖြစ်အောင်လုပ်လာလိမ့်မည်ဟု မှတ်သားထားကြမည်ဖြစ်သည်။သူတို့ကိုယ်တိုင်လည်း စွမ်းအားရှိသမျှအကောင်းဆုံးမလုပ်ခဲ့လျှင် မည်ကဲ့သို့ဖြစ်သွားနိုင်သည်ကို စဉ်းစားမိလိမ်မည်။ ပေးအပ်ထားသော ရည်မှန်းချက်များကို ပြီးမြောက်အောင်မြင်စေရန် သူတို့၏ တာဝန်ရှိမှုကိုလည်းသိကြလိမ့်မည်။ သို့သော်သူတို့၏ ရည်မှန်းချက်တာဝန်ကို ပျင်းရိပျင်းတွဲလုပ်နေလျှင်ဖြစ်စေ တလွဲတချော်လုပ်မိလျှင်ဖြစ်စေ သူတို့ကို ပတ်ချာလှည့်၍ ပြင်းထန်သော အမျက်ဒေါသသည် ဆိုးဆိုးဝါးဝါး ပေါက်ကွဲထွက်လိမ့်မည်ဖြစ်ကြောင်းကို သေချာပေါက် မျှော်လင့်ထားကြမည်ဖြစ်သည်။ ဤကဲ့သို့သောအချိန်များတွင် ကျကျနနကြိုတင်စီစဉ်ထားသော ဒေါသသည် အလွန်အသုံးဝင်ပါသည်။

## “ဆိုလိုချင်သောအချက်ကိုပြောပါ၊ ပြောသောစကားသည်အဓိပ္ပါယ်ရှိပါစေ”

ဝါးလုံးရှည်နှင့်လျှောက်မရမ်းပါနှင့်၊ စကားနုစကားယဉ်မသုံးပါနှင့်၊ (အထက်ဌာနချုပ်ကြီးများစွာကသုံးစွဲသော) အပေါ်ယံရွှေမှုန်ကြဲအကြွမ်းဖျင်းသဘောမပြောပါနှင့်။ မိမိစကားလုံးကို မိမိဘာသာရွေးချယ်ပါ၊ ချွေချွေတာတာပြောပါ။ တိုတောင်းပြီး လိုရင်းအချက်ပါစေရမည်။ လိုရင်းတိုရှင်း အမိန့်များ ထုတ်ပြန်ခြင်းဖြင့် မှားစရာမရှိပါ၊ မယဉ်ကျေးရာမကျပါ။ စကားလုံးများစွာနှင့် မသဲကွဲမှုများကသာ အကြောင်းအရာတစ်ခုကို ရှုပ်ထွေးစေနိုင်သည်။ သူတို့ဘာလုပ်ပေးရမည်ကို ရဲဘော်များကတိတိကျကျနားလည်စေရမည်။ အသက်များနှင့်အောင်မြင်မှုကို အလဲအထပ်လုပ်ရမည့်အချိန်တွင် ရှုပ်ထွေးမှုမရှိစေရပါ။ မိမိဆိုလိုချင်သောအချက်ကို အတိအကျပြောရမည်ဖြစ်ပြီး မိမိစကားပြောတိုင်း အဓိပ္ပါယ်အတိအကျရှိရမည်ဖြစ်ပါသည်။ရဲဘော်များကို သူတို့၏ကောင်းမွန်သောလုပ်ဆောင်ချက်များအတွက် အားပေးချီးမြှောက်ရာတွင်လည်းကောင်း၊အားနည်းသောစွမ်းဆောင်ရည်အတွက်စည်းမျဉ်းစည်းကမ်းချမှတ်ရာတွင်လည်းကောင်း၊ အထက်ပါအတိုင်းလိုက်နာဆောင်ရွက်ရန် အထူးအရေးကြီးပါသည်။ အကယ်၍ အရာရှိတစ်ယောက်ကို သူ၏အရည်အချင်းမပြည့်ဝမှု သို့မဟုတ် အားနည်းသောစွမ်းဆောင်ရည်အတွက် အရေးယူခြင်းခံရမည်ဟု ပြောပြီးဖြစ်လျှင်ချက်ချင်းအရေးယူပါ။ချီးမြှင့်ချက်များအတွက်ပေးသောအပြစ်ဒဏ်သည် ချက်ချင်းလုပ်ရမည့် အလုပ်ဖြစ်သည်။ နုတ်အားဖြင့် ပေးထားသော ဂတိစကားများကို စွဲမြဲစွာလိုက်နာရန် ပျက်ကွက်ခြင်းသည် မိမိ၏ ဂုဏ်သိက္ခာကို ဖျက်ဆီးပစ်ခြင်းဖြစ်သည်။ ဤအယူအဆကို နားမလည်ခြင်း သို့မဟုတ် မလိုက်နာခြင်းသည် မိမိတို့၏ကျင့်ဝတ်၌ စက်ဆုပ်ရွံရှာဖွယ် အခြေအနေဟုဖော်ပြထားခြင်းသည် ကောင်းမွန်သောနမူနာ တစ်ခုဖြစ်ပါသည်။

## “လုပ်ငန်းအောင်မြင်မှုဖြင့်ခေါင်းဆောင်ကိုရွေးချယ်ပါ၊ ခင်မင်မှုဖြင့်မရွေးချယ်ရ”

မိမိလက်အောက်မှလူများအပေါ်မျက်ခြည်မပြတ်စောင့်ကြည့်ပါ၊ အလုပ်ကိုကိုယ်စားမလွှဲဘဲ ကိုယ့်ဘာသာကိုယ်လုပ်ပါ။အောင်မြင်သောလူများကို အရေးအကြီးဆုံးတာဝန်များပေးပါ။ရည်မှန်းချက်တာဝန်များအားပြီးမြောက်အောင်မြင်ရန် မလုပ်နိုင်ဘဲဆက်တိုက်ပျက်ကွက်နေသူများကိုမူ ပြောင်းလဲနေရာချထားခြင်း သို့မဟုတ် နောက်တန်းတာဝန်များ၌ချောင်ထိုးထားခြင်းပြုလုပ်ရမည်။ စစ်မြေပြင်တွင် အောင်ပွဲရရှိရေးသည် အလွန်အရေးကြီးသဖြင့် ခင်မင်သူတစ်စုံတစ်ယောက်ကိုတာဝန်ပေးရန် မထိုက်တန်ပါ။ ပိုမိုများပြားသောအခွင့်အာဏာနှင့် ပိုမိုကြီးမားသောတာဝန်တို့ကိုပေးအပ်ခြင်းဖြင့် ပိုတော်သော လူများသည် အခက်ခဲဆုံးအလုပ်တာဝန်များကို နိုင်နင်းစွာ လုပ်ဆောင်သွားပါလိမ့်မည်။ ပုဂ္ဂိုလ်ရေးသဘောအရသူတို့အပေါ်မည်သို့ပဲထင်ထင် ဤအတိုင်းလုပ်ဆောင်သွားနိုင်ရန်သာအရေးကြီးပါသည်။ သို့ဖြစ်၍ ရလဒ်များကသာ အရေးပါသည်။ ခင်မင်မှုက အရေးမကြီးပါ။

## “မြေပုံလေ့ကျင့်ခန်းများ၏ ကန့်သတ်ချက်အရသင်တန်းသားများ၏ခေါင်းဆောင်မှုနှင့် ကိုယ်စိတ် ထိခိုက်မှုများကိုချန်လှပ်ထားခဲ့ရသဖြင့် သူတို့သည် ထိုအချက်များကို ပထမပိုင်းတွင်လစ်လျူခဲ့ကြသည်၊ နောက်ပိုင်းတွင်မူ လုံးဝ မေ့ပျောက်သွားကြသည်”

ကိုယ်တိုင်အတွေ့အကြုံလောက် မည်သူမျှကောင်းမွန်စွာ သင်ကြားပေးခြင်းမပြုနိုင်ပါ။ စစ်သည်တော်များသည် ကိုယ်တိုင်လုပ်ခြင်းဖြင့်သင်ယူကြရမည်။ စာသင်ခန်းအတွင်း၌ သင်ကြားခြင်းသည်အခြေခံအားဖြင့်ကောင်းမွန်သော်လည်း အကောင်းဆုံးသင်ယူမှု ပတ်ဝန်းကျင်မဟုတ်ပါ။ စာသင်ခန်းအတွင်း၌ အမှတ်အများဆုံးရသော သင်တန်းသားသည် အကောင်းဆုံးတပ်မှူးတစ်ယောက် ဖြစ်လာလိမ့်မည်ဟု မပြောနိုင်ပါ။ စာသင်ခန်းအထောက်အကူပစ္စည်းများသည် လက်တွေ့စစ်မြေပြင်တွင်မျှော်လင့်နိုင်သောအခြေအနေအတွက် ယေဘုယျအယူအဆသာပေးနိုင်ပါသည်။ တိုက်ခိုက်ရေး ပညာရပ်ကို အမှန်တကယ် သင်ယူလိုသည်ဆိုလျှင် သူသေကိုယ်သေ တိုက်ပွဲကြီးများ၌ ကိုယ်တိုင်ပါဝင်ရန် နည်းလမ်း တစ်ခုတည်းသာရှိပါသည်။ တိုက်ပွဲအတွေ့အကြုံကို တိုက်ပွဲအတွေ့အကြုံထက် မည်သူကမျှသင်မပေးနိုင်ပါ။ ထို့ကြောင့် အထက်ပိုင်းကွပ်ကဲမှုဌာနချုပ်များနှင့်တပ်မတော်လေ့ကျင့်ရေးကျောင်းများတွင် တိုက်ပွဲအတွေ့အကြုံရှိသူများကိုတာဝန် ပေးအပ်နိုင်ရန် အရေးကြီးရခြင်းဖြစ်ပါသည်။ မူဝါဒသဘောတရားများဖြင့်သာ အလုပ်လုပ်သော အရာရှိများသည် သူတို့ ပိုင်ဆိုင်သောစားပွဲများနောက်တွင်သာ ရှိနေသင့်ပါသည်။

***စာရေးသူ၏ အကြံပြုချက်***။ စီးပွားရေးအသိုက်အဝန်းတွင် သင်တန်းကျောင်းစနစ်များသည် များစွာ မပြည့်မစုံ မလုံမလောက်ဖြစ်နေပါသည်။ ခေတ်နောက်ကျနေပါသည်။ ဆရာ/ဆရာမများကတော့ ဤအချက်ကို ငြင်းဆိုကြ မည်မှာသေချာပါသည်။ဤအကျပ်အတည်းကို တက္ကသိုလ်များနှင့် အမျိုးသားအဆင့်အဆောက်အအုံများတွင် တွေ့နိုင်ပါ သည်။ပထမအချက်အနေဖြင့် တက္ကသိုလ်မှ ပါမောက္ခများသည် တစ်ခါမျှကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို ပိုင်ဆိုင်ခြင်း သို့မဟုတ် ဦးဆောင်လုပ်ကိုင်ခဲ့ခြင်းမရှိဘဲ ငယ်ရွယ်သူများကို စီးပွားရေးလုပ်ငန်းမန်နေဂျာများဖြစ်လာစေရန် သင်ကြား ပေးနေကြသည်။ ဒုတိယအချက်အနေဖြင့် စာတွေ့မှအပ လက်တွေ့အတွေ့အကြုံမရှိသော တက္ကသိုလ်ပါမောက္ခများအား အမေရိကန်ပြည်ထောင်စုသမ္မတက ရွေးချယ်ပြီး သင်ကြားလေ့ကျင့်ရေးစနစ်နှင့်ပတ်သက်သော အစိုးရ၏သဘောထား နှင့်လမ်းညွှန်ကြားချက်များချမှတ်ပေးနေကြသည်။ စီမံခန့်ခွဲမှုစွမ်းရည်သည်သင်ကြားပေး၍မရပါ။ လုပ်ငန်းပတ်ဝန်းကျင် ၌သာသင်ယူရမည့်ကိစ္စဖြစ်သည်။လက်တွေ့လုပ်ဆောင်ခြင်းဖြင့်သာသင်ယူကြရပါမည်။ **ဒမွင်း၏ အမှတ်(၅)** အခက်အခဲ ကို ရည်ညွှန်းပါသည်။

## "မဟာဗျူဟာနှင့် နည်းဗျူဟာတို့သည် မပြောင်းလဲကြပါ၊ ယင်းတို့ကိုအသုံးချသည့် နည်းလမ်းများသာ ကွဲပြားခြားနားကြခြင်းဖြစ်ပါသည်"

မဟာဗျူဟာသည်အလွန်ရှင်းလင်းလွယ်ကူပါသည်။ လမ်းကြိတ်စက်ကြီး တစ်စီးကို အသုံးပြုသကဲ့သို့ ဖြစ်၏။ လုပ်ဆောင်မည့်အရပ်မျက်နှာနှင့်လုပ်ဆောင်မည့် နည်းလမ်းကို ဆုံးဖြတ်ချက်ချပြီးပြီဆိုလျှင် ထိုအတိုင်းစွဲစွဲမြဲမြဲလုပ်သွားရန်သာဖြစ်သည်။ လက်တွေ့လုပ်ဆောင်နိုင်သော မဟာဗျူဟာနည်းလမ်းတစ်ရပ်ကို ကြံစည်စိတ်ကူးရသည်မှာ စဉ်းစားတွေးခေါ်မှုနှင့်ကျွမ်းကျင်မှုအနည်းငယ်ကလေးသာ လိုအပ်ပါသည်။ နည်းဗျူဟာသည် လမ်းကြိတ်စက်ပုံစံကို နမူနာယူ၍ မရပါ။ နည်းဗျူဟာသည် ရန်သူ၏ အားနည်းချက်အား တိုက်ခိုက်ခြင်းနှင့် ဖောက်ဝင်ရာတွင် အမြတ်ထုတ်ခြင်းတို့ကို အသုံးပြုရပါမည်။နည်းဗျူဟာသည်ကျောက်ခေတ်လူသားများ တစ်ယောက်နှင့်တစ်ယောက်ကျောက်ခဲဖြင့်ပစ်ပေါက်ခြင်း၌လည်း အသုံးပြုနိုင်ပြီး ယနေ့အဆင့်မြင့်နည်းပညာသုံးကမ္ဘာတွင်လည်း အသုံးဝင်ပါသည်။ ရှေးခေတ်ပြင်သစ် စကားပုံတစ်ခုရှိသည်။"များများပြောင်းလဲလေ၊နဂိုအတိုင်းပြန်ဖြစ်လေ" ဟူ၏။ လူသားမျိုးနွယ်တို့သည် ဤကမ္ဘာဂြိုလ်ပေါ်တွင် တည်ရှိခဲ့သောသမိုင်းတစ်လျှောက်၌အနည်းအကျဉ်းသာပြောင်းလဲခဲ့ပါသည်။ လူတိုင်းစစ်မြေပြင်ရောက်လျှင်ကြောက်စိတ်ဝင်ကြဆဲဖြစ်၏။ ဆာတတ်သည်၊ အအေးဒဏ်ခံကြရသည်၊ ထိခိုက်ဒဏ်ရာကြောင့်သေကြရသည်။ စာပေကို အတော်နှံ့နှံ့စပ်စပ်ဖတ်ပြီးပြီ၊ သမိုင်းကိုလည်းကျေကျေညက်ညက် လေ့လာပြီးပြီဆိုလျှင် ယခုအခါ မျိုးဆက်သစ်များက ခေတ်သစ်အယူအဆ၊ဆန်းသစ်သောအတွေးအခေါ်ဟုပြောနေကြသည်များမှာလွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာကဘိုးဘေးဘီဘင်များစဉ်းစားခဲ့သည့်ကိစ္စရပ်များ ဖြစ်နေသည်ကိုတွေ့ရပါမည်။ ပြောင်းလဲသွားခဲ့သည်မှာ နည်းပညာသာ ဖြစ်ပါသည်။ လူ့ဘဝတိုးတက်ရေးအတွက် အတွေးအမြင်များပါရှိသော စာအုပ်ကို ပုံနှိပ်ခြင်းမှသည် အတွေးအမြင်ချင်း မတူညီသော အခြားနိုင်ငံမှရန်သူများသေကြေဒဏ်ရာရရှိစေရန်အသုံးပြုသည့် အဆင့်မြင့်လက်နက်များ ဖန်တီးထုတ်လုပ် ခြင်းအထိ အတိုင်းအတာကျယ်ဝန်းပါသည်။ နေရောင်ခြည်၏ အောက်တွင် ဘာမျှအသစ်အဆန်းမရှိပါ။ အဆင့်မြင့်နည်းပညာ သုံးစွဲသောနည်းလမ်းများသာ ခြားနားသွားကြပါသည်။

## “အောင်မြင်မှုဆိုသည်မှာ မည်ကဲ့သို့ပြန်ကန်တက်နိုင်ခဲ့သလဲဆိုသည်ကို ခေါ်ခြင်းဖြစ်သည်”

လူ့ဘဝသည်တရားမျှတမှုမရှိပါ၊ ထို့အပြင် မိမိကြိုတင်စီစဉ်ထားသည့် အတိုင်းလည်း တိတိကျကျ ဖြစ်မလာပါ။ လူတစ်ယောက်၏ ဘဝတွင် ပြဿနာများ၊ မတော်တဆထိခိုက်ကံခေမှုများ နှင့် ဆုံးရှုံးခြင်းများသည် ရှောင်လွှဲ၍မရပါ။ လူတိုင်းသည် ပုဂ္ဂိုလ်ရေးသဘောအရ လည်းကောင်း၊ လုပ်ငန်းသဘောအရလည်းကောင်း နောက်ပြန်လျောကျခြင်းများ၊ အခက်အခဲများနှင့်အတားအဆီးများကိုတွေ့ကြုံကြရပါသည်။ ယင်းအခက်အခဲများသည် သင်ယူရန်အခွင့်အရေးများဖြစ်သည်မှအပသိပ်အရေးမကြီးပါ။ အရေးကြီးသည်မှာမိမိကယင်းအခက်အခဲများကို မည်ကဲ့သို့တုံ့ပြန်သလဲဆိုသည့်အချက်ဖြစ်သည်။ ဝမ်းနည်းကြေကွဲခြင်းကိုခံစားပြီး လက်လျှော့လိုက်မည်ဆိုလျှင်လည်းမိမိ၌အခွင့်အာဏာရှိပါသည်။အရှုံးသမားဖြစ်ရန်ရွေးချယ်ခွင့်ရှိပါသည်။အောင်မြင်သူတစ်ယောက်ဖြစ်လိုသည်ဆိုလျှင်တော့ အခက်အခဲများကိုလက်ခံပါ၊ ယင်းတို့မှသင်ယူပါ၊ အတိတ်ကိုထားခဲ့ပါ၊ မိမိ၏ဘဝလမ်းခရီးအတိုင်း ဆက်လက်ချီတက်ပါ။ ကိုယ့်ကိုယ်ကိုယ်အာရုံ စူးစိုက်ရန် ခံနိုင်ရည်နှင့်ခိုင်မာသော ပင်ကိုယ်စရိုက်လက္ခဏာရှိရန်တို့လိုပါသည်။ နှစ်မြို့ဖွယ်မကောင်းသော အခက်အခဲနှင့် အတားအဆီးများသည် မိမိ၏ဘဝလမ်းကြောင်းပေါ်တွင် ကျရောက်နေလင့်ကစား မိမိ၏ပန်းတိုင်များဆီသို့ ဆက်လက် ချီတက်ရမည်ဖြစ်သည်။ အတော်ဆိုးဝါးသောအခြေအနေကိုသာ မိမိကတကယ်လိုချင်နေမည်ဆိုလျှင်တော့ ယင်းအခြေအနေသို့ရောက်ရှိရန် မည်သူကမျှ တားဆီးနိုင်လိမ့်မည်မဟုတ်ပါ။

## "တွက်ချက်စွန့်စားပါ"

ဤနေရာတွင် အရေးကြီးသောစကားမှာ တွက်ချက်တတ်ရန်ဖြစ်သည်။ လူ့ဘဝတစ်လျှောက်လုံးလိုလိုတွင် စွန့်စားမှုသည် အထိုက်အလျောက်လိုအပ်ပါသည်၊ အထူးသဖြင့် တိုက်ပွဲတစ်ပွဲတိုက်ရာတွင် ဖြစ်၏။ မိမိတွင် ကောင်းစွာလေ့ကျင့်ထားသော စစ်သည်များရှိနေလျှင် အခြေအနေက မိမိအတွက် အခွင့်မသာလျှင်ပင် အောင်မြင်နိုင်သော အခွင့်ကောင်းမိမိလက်ထဲတွင်ရှိနေပါသည်။ တွက်ချက်စွန့်စားရာတွင် အခရာကျသောအချက်မှာ မိမိစစ်သည်တော်များ၏ ''တပ်ဖွဲ့စိတ်'' အပေါ်တွင်တည်ပါသည်။ မိမိနှင့်ရန်သူတွင် လက်နက်ခဲယမ်းများ၊ ရိက္ခာနှင့်ထောက်ပံ့ရေးပစ္စည်းများ၊ လူအင်အားစသည့်အရင်းအမြစ်များသည်အတူတူဖြစ်နေပါက အောင်မြင်မှုအတွက်ကိန်းဂဏန်း သက်သက်တွက်ချက်မှုသည် ၅၀း၅၀ ဖြစ်ပါမည်။ သို့ရာတွင်မိမိ၏ လူများသည် ကောင်းစွာလေ့ကျင့်ထားပြီး၊ ကောင်းစွာစိတ်ဓါတ်မြင့်မား၍ တက်ကြွမှုရှိသည့်အပြင်တိုက်လိုခိုက်လိုသော စိတ်ဓါတ်နှင့်အောင်နိုင်လိုသော စိတ်ဓါတ်တို့ရှိနေလျှင် မိမိဘက်က စကေးသည် မြင့်တက်သွားပြီး ၉၀း၁၀ ဖြစ်သွားပါလိမ့်မည်။ အောင်မြင်နိုင်ခြေအများဆုံးရှိနေပါသည်။ မိမိစစ်သည်တော်များ၏ စိတ်ဓါတ်ကောင်းမွန်မှုနှင့် အောင်နိုင်လိုသောသဘောထားက မိမိအား တွက်ချက်စွန့်စားရန် ခွင့်ပြုပေးနိုင်ပါသည်။

**“အရာရှိတစ်ယောက်၏ တာဝန်များတွင် မိမိနိုင်ငံ၏လုံခြုံမှု၊ ဂုဏ်သိက္ခာနှင့်အကျိုးစီးပွားသည် ပထမ၊ မိမိကွပ်ကဲမှုအောက်မှ တပ်ဖွဲ့ဝင်များ၏ဂုဏ်သိက္ခာ၊အကျိုးစီးပွားနှင့် ကိုယ်စိတ်ချမ်းသာရှိစေမှုက ဒုတိယ နှင့် မိမိကိုယ်တိုင်၏ သက်တောင့်သက်သာရှိမှု၊ ကိုယ်စိတ်ချမ်းသာစေမှုနှင့် စိတ်ချလုံခြုံမှုတို့က တတိယဖြစ်သည်”**

ဤအယူအဆသည် အဆင့်မြင့်အရာရှိများစွာ၏ နဖူးပေါ်တွင်စုတ်တံဖြင့် ဆေးမှင်ကြောင်ထိုးထားရမည့်အချက်ဖြစ်သည်။ အထူးသဖြင့် ထိပ်ပိုင်းကွပ်ကဲမှုဌာနချုပ်တွင် နေကြသူတချို့နှင့် ပိုဆိုင်ပါသည်။ မိမိတို့ကိုယ်တိုင် အထူးခံစားခွင့်များရယူထားကြသည့်အပြင်နောက်ထပ်အပိုရစရာများ မျှော်လင့်နေကြခြင်းဖြင့်သူတို့သည်လက်အောက်ငယ်သားများ၏ယုံကြည်မှုနှင့်လေးစားမှုဖြင့် တည်ဆောက်ထားသော သစ္စာရေးမဏ္ဍိုင်ကိုအောက်ခြေမှ လှိုက်စားပစ်လိုက်ကြသည်။ ငြိမ်းချမ်းသောကာလတွင် ရာထူးအဆင့်အတန်းအရ အကျိုးကျေးဇူးခံစားခွင့်ရှိနိုင်ကြသော်လည်း စစ်ပွဲကာလအတွင်း အဆင့်မြင့်ဌာနချုပ်များ၌ အထူးအခွင့်အရေးများရရှိခံစားကြခြင်းမှာ ရန်သူ၏ကျည်ဆန်ထက်ပို၍ အန္တရာယ်များပါသည်။ ရည်မှန်းချက်တာဝန်ပြီးမြောက်သွားသည့်အခါ စစ်သည်တော်များအား စောင့်ရှောက်မှု၊ ကျွေးမွေးပြုစုမှု၊ ကောင်းကျိုးချမ်းသာနှင့် ကိုယ်စိတ်ချမ်းသာမှုဆောင်ရွက်ပေးရန်ကိစ္စသည် အရေးအကြီးဆုံး စဉ်းစားဆောင်ရွက်ပေးရမည့် အလုပ်ဖြစ်သည်။

***စာရေးသူ၏ အကြံပြုချက်***။ ဤနေရာတွင် စဉ်းစားစရာတစ်ချက်ရှိပါသည်။ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အဆင့်မြင့်အရာရှိတစ်ဦး က လက်အောက်ဝန်ထမ်းများအပေါ် ကုမ္ပဏီ၏ အကျိုးအမြတ်များကို သုံးစွဲကုန်ကျစေသော ခေါင်းစဉ်တစ်ထက်ပို၍စဉ်းစားမိသည့် အကြိမ်မည်မျှရှိမည်နည်း။ မန်နေဂျာများက ၎င်းတို့၏ စီးပွားရေးလုပ်ငန်းသည် ငွေရှာရန်ထက် လုပ်ငန်းရှင်သန်နေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်ဆိုသည့်အချက်ကို မကြာခဏ မေ့ပစ်တတ်ကြသည်။ဤအချက်သည် အရေးကြီးသော သော့ချက်ဖြစ်သည်။ စီမံခန့်ခွဲသူ အများစုက အလုပ်သမားများနှင့် စီးပွားရေးလုပ်ငန်းများအပေါ်ထားရှိသောအမြင်သည် လုံးဝခေတ်နောက်ပြန်ဆွဲနေကြပါသည်။ စီမံခန့်ခွဲသူများက အခြားပြဿနာများနှင့်ကုန်ပစ္စည်းအရည်အသွေး ညှိဖျင်းခြင်းတို့အတွက် သာမန်အားဖြင့်အလုပ်သမားများကိုအပြစ်တင်တုံ့ပြန်တတ်ကြသည်။ တကယ်တမ်းဆိုလျှင် အလုပ်သမားသည် ပြဿနာအားလုံး၏ ခန့်မှန်းခြေ ၁၅ ရာခိုင်နှုန်းမျှအတွက်သာတာဝန်ရှိပါသည်။စနစ်က ၈၅ ရာခိုင်နှုန်းတာဝန်ရှိပါသည်။ ထိုစနစ်သည်စီမံခန့်ခွဲသူများ၏တာဝန်ဖြစ်သည်။ **ဒမ္မင်း၏ အတားအဆီးအမှတ်စဉ်(၇)** ကို ရည်ညွှန်းပါသည်။

## “ခေါင်းဆောင်သည် လုပ်ပြသူဖြစ်ရမည်”

ယူနီဖောင်းဝတ်ဆင်ထားလိုက်ရုံမျှဖြင့် လူတစ်ယောက်သည် ခေါင်းဆောင် သို့မဟုတ် စစ်သည်တော်တစ်ဦး ဖြစ်မလာပါ။ ထိပ်ပိုင်းခေါင်းဆောင်များစွာတို့သည် အသက်နှင့်ရင်းနှီးလုပ်ကိုင်နေသည့် စစ်သည်တော်များ၏ အသွင်နှင့် လုပ်ဆောင်ချက်တို့မှာကွဲပြားနေပါသည်။စစ်သည်တော်တစ်ဦး၏ဘဝအစိတ်အပိုင်း အတိုင်းမနေနိုင်လျှင် ထိုခေါင်းဆောင်သည်ယုံကြည်မှုရလိမ့်မည်မဟုတ်ပါ။စစ်သည်တော်၏ဘဝအတိုင်းအပြည့်အဝနေပြခြင်းဖြင့်သာ ခေါင်းဆောင်သည်သူဆန္ဒပြင်းပြသည့်အတိုင်းဖြစ်လာပါလိမ့်မည်။သူသည်စစ်ပွဲကာလအတွင်း၌ နေပြ၊စားပြ၊အိပ်ပြရမည်။ ဖမ်းရခက်သော တိုက်ပွဲဝင်စစ်သည်တော်တစ်ဦး၏စိတ်ဓါတ်ကို လက်ဝယ်ရရှိနိုင်ရန် မရပ်မနားတမ်းကြိုးစားအားထုတ်ရမည်။ ထိုစိတ်ဓါတ်သည်ရဲစွမ်းသတ္တိနှင့်အောင်ပွဲကိုရယူပေးမည့် မီးရှူးတန်ဆောင်ကိုထွန်းညှိပေးမည့်မီးပွားကလေးဖြစ်သည်။ ခေါင်းဆောင်တစ်ယောက်အဖြစ်လည်းကောင်း၊တိုက်ပွဲဝင်စစ်သည်တော်တစ်ယောက်အဖြစ်လည်းကောင်း မွေးဖွားလာသူဟူ၍မရှိပါ။ လူတချို့သည်စစ်သည်တော်ကောင်းအဖြစ်ရောက်ရှိစေရန် ထောက်ကူပေးသော ထူးခြားသည့်ကိုယ်ရည်ကိုယ်သွေးများဖြင့်မွေးဖွားလာကြသည်ကိုကားအငြင်းပွားဖွယ်ရာမရှိပါ။ အလားတူ လူအနည်းငယ်သည် စစ်သည်တော်ပုံစံဖြင့်မွေးဖွားလာနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ စစ်သည်တော်တစ်ယောက်ဖြစ်လာရန် သင်ယူနိုင်သည်မှာ အသေအချာဖြစ်ပါသည်။ ရှေးခေတ်ဆိုရိုး စကားတစ်ခုသည်မှန်ကန်သည်ဟုလက်ခံစဉ်းစားနိုင်ပါသည်၊ ထိုစကားမှာ ‘‘လူတစ်ယောက်သည်တွေးထင်ထားသည့်အတိုင်းဖြစ်လာ၏’’ဟူ၍ဖြစ်သည်။ အကယ်၍ လူတစ်ယောက်သည် တိုက်ပွဲဝင်စစ်သည်တော်တစ်ဦး၏စိတ်ဓါတ်ကိုရယူရန် တိကျသောဆုံးဖြတ်ချက်ချပြီး ဂုဏ်သိက္ခာရှိစွာ အောင်ပွဲခံမည် သို့မဟုတ် အသေခံမည်ဟူသော သဘောထားအတိုင်း နေထိုင်ပြီးကျင့်ယူခဲ့လျှင် သူ၏ပန်းတိုင်ကို ရရှိမည်သာဖြစ်ပါသည်။ မဝံ့မရဲဖြစ်နေလျှင်ကား မည်သည့်အခါမျှ ယုံကြည်မှုစိတ်ဓါတ်ကို ရရှိလျှင်လိမ့်မည်မဟုတ်ပါ။ အေးစက်သော သံသယသည် စိတ်အားတက်ကြွမှုကို မည်သည့်အချိန်တွင်မျှမဖြစ်စေပါ။

## "ရာထူးကြီးလေ ရှေ့တန်းသွားရန်အချိန်ပိုရလေဖြစ်၏"

ရာထူးကြီးသောအရာရှိ အနည်းအကျဉ်းကသာ ဤအချက်ကို ဝန်ခံကြပါလိမ့်မည်။ သို့ရာတွင် ရာထူးကြီးလေ၊ လုပ်စရာအလုပ်နည်းလေဖြစ်၏။ တပ်မတော်တစ်ရပ်၏အလုပ်သည် အခြေခံအားဖြင့် တပ်စုအဆင့်နှင့် တပ်ခွဲအဆင့်တွင် လုပ်ကြရသည်။ လှုပ်ရှားမှုမပြုဘဲ တင်ပါးနှစ်ဘက်ကို ကုလားထိုင်နှင့် တစ်တိုင်းတည်းကျအောင် ထိုင်နေပြီး မိမိကိုယ် မိမိအရေးကြီးသည်ဟုခံစားနေမည့်အစား တပ်မှူးတစ်ယောက်သည် သူ့တပ်အား ပုံမှန်ရှေ့သို့ ချီတက် နေခြင်းကို လည်းကောင်း၊ သူ၏တပ်ဖွဲ့ဝင်များသည် သူတို့၏ရည်မှန်းချက်များအတွက် အလုပ်လုပ်နေခြင်းကိုလည်းကောင်း အချိန် ပြည့်သွားကြည့်နေရမည်ဖြစ်သည်။ တပ်တစ်တပ်ကိုကွပ်ကဲခြင်းသည် ပြဿနာအားလုံးအတွက် ဒိုင်ခံဖြေရှင်းနေရသည့် ရည်မှန်းချက်တာဝန်မဟုတ်ပါ။ အရေးပါသော ဆုံးဖြတ်ချက်တချို့ကို ပြုလုပ်ရန်အတွက် တပ်မှူးသည် နေ့နေ့ညည နေရာတွင် အချိန်ပြည့်အသင့်ရှိစေရမည်ဟူ၍လည်း ခြွင်းချက်ပေးမထားပါ။ မကြာခဏတွေ့နေရသည်မှာ အဆိုပါ အရေးပါသောဆုံးဖြတ်ချက်များဆိုသည်မှာလည်း စစ်မျက်နှာတစ်နေရာတွင် ရန်သူ၏အတိုက်ခံနေရ၍ စစ်ပွဲရှုံးနိမ့်တော့ မည်ဟု ထင်နေသူများအား ထိုသို့မဟုတ်ကြောင်း တောင့်ခံထားရန်ပြောပြရုံထက်မပိုပါ။

**“ ကြီးကျယ်သောဆုံးဖြတ်ချက်များသည် အကောင်အထည်ပေါ်ပြီးမှ ကြီးကျယ်မှန်းသိရသည်၊ ထိုဆုံးဖြတ် ချက်များကို ပြုလုပ်နေဆဲကာလ၌ ဤ၍ဤမျှကြီးကျယ်မှန်းမသိဘဲ လုပ်ခဲ့ကြရခြင်း ဖြစ်သည်”**

ကြီးကျယ်သောအောင်ပွဲကိုကြိုတင်ခန့်မှန်းရန် မဖြစ်နိုင်ပါ။ အတော်ဆုံးပန်းချီဆရာများနှင့် တေးရေးဆရာများပင် ‘‘ဒီနေ့တော့အပြောင်းမြောက်ဆုံးလက်ရာကိုဖန်တီးတော့မည်’’ ဟူ၍ မပြောနိုင်ပါ၊ သို့ဖြစ်၍ လူတိုင်းသည် မိမိလုပ်နေသောအလုပ်အပေါ်တွင်လည်းကောင်း၊ ဘာ့ကြောင့်လုပ်နေရသလဲဆိုသည့်အကြောင်းချင်းရာအပေါ်တွင်လည်းကောင်း သိမှုအမြဲကပ်နေရန်လိုအပ်ပါသည်။ အကယ်၍မိမိသည်ရည်မှန်းချက်ပန်းတိုင်တစ်ခုကို အမြဲမပြတ် အာရုံစူးစိုက်ထားပြီး အဆိုပါပန်းတိုင်နှင့်ပတ်သက်၍ စဉ်းစားတွေးခေါ်မှုကိုလည်း မပျက်မကွက် လုပ်ဆောင်နေမည်၊ ထို့အပြင် ပန်းတိုင်အတွက် ရည်မှန်းပြီး အလုပ်လုပ်နေမည်ဆိုလျှင် မိမိချမှတ်မည့်ဆုံးဖြတ်ချက်တိုင်းသည် ထိုအပြီးသတ်ရည်မှန်းချက်ပန်းတိုင်အတွက်သာရည်ရွယ်ပါလိမ့်မည်။ပန်းတိုင်သည်တဖြည်းဖြည်းချင်းရုပ်လုံးပေါ်လာသည့်အခါမှသာ နောက်ကြောင်းကိုပြန်ကြည့်၍ မိမိလုပ်ဆောင်ချက်များနှင့်ဆုံးဖြတ်ချက်များကို ယထာဘူတကျကျ အကဲခတ်နိုင်မည်ဖြစ်ပါသည်။ ထိုအချိန်တွင် မိမိ၏ဆုံးဖြတ်ချက်များကို ပြန်လည်လေ့လာသုံး သပ်ခဲ့လျှင် တချို့သည် သိပ်မထူးခြားသည်ကို လည်းကောင်း၊ တချို့သည် ပြည့်စုံလုံလောက်သည်ကိုလည်းကောင်း၊ တချို့သည်အထူးပြောင်မြောက်ခဲ့သည်ကိုလည်းကောင်း တွေ့ရှိရမည်ဖြစ်သည်။ ပြန်ပြောင်းတွေးတောခြင်းသည်သာလျှင် မိမိ၏သမိုင်းကို မှန်ကန်သောရှုထောင့်အမြင်မှ လေ့လာစိစစ်နိုင်ရန်တစ်ခုတည်းသော နည်းလမ်းဖြစ်ပါသည်။ ဤသို့ပြုလုပ်ပြီးမှသာ မိမိ၏ မည်သည့်ဆုံးဖြတ်ချက်များသည် အမှန်တကယ်အရေးပါသည်၊ မည်သည့်ဆုံးဖြတ်ချက်များသည်မရှိမဖြစ်အထူးတလည် အရေးကြီးသည်နှင့် မည်သည့်ဆုံးဖြတ်ချက်များသည် အောင်ပွဲအတွက် အတိမ်းအစောင်းမခံသည်တို့ကို သိရှိရပါသည်။

## “စစ်သားဆိုသည်မှာ တပ်မတော်ပါပဲ”

မည်သည့်တပ်မတော်မျှ ပါဝင်ဖွဲ့စည်းထားသော စစ်သားများထက် ပို၍မကောင်းနိုင်ပါ။ စစ်သားကောင်းတစ်ယောက်ဖြစ်ရန် လူတစ်ယောက်သည် စည်းကမ်း၊ မိမိကိုယ်မိမိယုံကြည်မှု၊ မိမိကိုယ်မိမိလေးစားမှု၊ တပ်ဖွဲ့အတွက် ဂုဏ်ယူစိတ်နှင့် နိုင်ငံအတွက်ဂုဏ်ယူစိတ်တို့ရှိရမည်။ သူ၌တာဝန်ထမ်းဆောင်မှု၊ အထက်အရာရှိများနှင့် ရဲဘော်ရဲဘက်များအပေါ်ထားရှိအပ်သည့်ဝတ္တရား စောင့်ထိန်းမှုမြင့်မားစွာတည်ရှိနေရမည်။ အကယ်၍ ထိပ်တန်းအဆင့် ခေါင်းဆောင်များနှင့်တပ်မှူးများသည်စစ်သားများအတွက် စူးစိုက်နှစ်မြှုပ်လုပ်ကိုင်ခြင်းမပြုကြဘဲ ကိုယ်ကျိုးစီးပွားလုပ်ဆောင် နေသူများဖြစ်နေပါကအထက်ပါအချက်များသည်လုံးဝမဖြစ်နိုင်ပါ။ မိမိဘဝအစကို မမေ့ပါနှင့်၊ နည်းနည်းကလေး ပြန်စဉ်းစားလိုက်၍ သေမသွားနိုင်ပါ။ ရာထူးကြီးလာသည်နှင့်အမျှ ပြန်သတိရပါ။ သစ္စာရှိမှု၊ တာဝန်သိမှုနှင့် စဉ်းစားဆင်ခြင်ရန် အယူအဆများကို လက်အောက်လူများ၏ စိတ်ထဲတွင်စွဲမြဲသွားရန်မြှုပ်နှံပေးပါ။ ဤအယူအဆများကိုပင် သူတို့၏ ရဲဘော်များအတွင်းသို့လည်းသွတ်သွင်းခိုင်းပါ။ မိမိ၏ရာထူးကကြီးမြင့်လာပြီးမိမိကတပ်ဖွဲ့များအပေါ်ကွပ်ကဲအုပ်ချုပ်နေမှုပုံစံသင်္ကေတသည် သူတို့စိတ်ထဲတွင် ရောက်ရှိနေပြီဆိုလျှင် လက်အောက်မှ ရဲဘော်များအားလုံးကို ဤအယူအဆ သွတ်သွင်းပေးပါက တပ်မတော်ကောင်းတစ်ရပ်ရရှိလာမည်ဖြစ်သည်။ ပြီးဆုံးအောင်မြင်ခဲ့သော လုပ်ဆောင်ချက်များနှင့် ဂုဏ်သတင်းများယူဆောင်၍ မိမိ၏ဘဝတာဆုံးခန်းတိုင်ရောက်ခဲ့ပြီဆိုလျှင်၊ မိမိသည်လူမြောက်မြားစွာတို့၏ အသက်များနှင့် ဘဝလမ်းကြောင်းများအပေါ် အကျိုးသက်ရောက်စေခဲ့မှုကို ပြန်ကြည့်ပြီး အံ့အားသင့်နေရပါလိမ့်မည်။ မိမိ၏ အကြီးမားဆုံးပြီးမြောက်အောင်မြင်မှုသည်ပိုမိုကောင်းမွန်သော စစ်သားများနှင့်ခေါင်းဆောင်များကိုထုတ်လုပ်ပေးနိုင်ခဲ့ပြီဆိုသည့်အချက်ပင်ဖြစ်ပါသည်။

## "တပ်မများ တပ်မကြီးများထက် ပိုမိုပင်ပန်းနေသော တပ်မမှူးများနှင့် တပ်မကြီးမှူးများရှိကြသည်"

တပ်မှူးများစွာက ဆုံးဖြတ်ချက်တိုင်းကို သူတို့လုပ်ရမည်ဟုထင်နေကြသည်။ စစ်ဆင်ရေးအစည်းအဝေး တိုင်းတွင်လည်းကောင်း၊ တိုက်ခိုက်မှုတစ်ခု၏ အသေးစိတ်အချက်အလက်အတိုင်းတွင်လည်းကောင်း ပါဝင်နေကြသည်။ မမှန်ကန်သော ဤအကြောင်းပြချက်ကြောင့် တပ်မှူးများ၏စွမ်းအင်အများအပြားကို မလုပ်သင့်သောအလုပ် အတွက်သုံးစွဲမှုကိုဖြစ်ပေါ်စေပါသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် တပ်မှူးများအား မလိုလားအပ်သော ပင်ပန်းဆင်းရဲမှုကို ဖြစ်စေပြီး နောက်ဆုံးတွင်အရာမထင်ပဲဖြစ်သွားစေပါမည်။ ပင်ပန်းဆင်းရဲမှုသည် လူတိုင်းအတွက်သူရဲဘော နည်းမှုကို ဖြစ်ပေါ်စေပါသည်။ ပင်ပန်းဆင်းရဲခြင်းသည် မဖြစ်သင့်သောစိတ်ခံစားမှု ဝေဒနာကိုဖြစ်စေပါသည်။ ဤသို့ဖြင့် တပ်မှူးတစ်ယောက်သည်သူ၏စစ်မှန်သော ရည်မှန်းချက်ပန်းတိုင်ကို ပျောက်ကွယ်သွားစေနိုင်သည်။ ထို့ကြောင့် ဦးစီးအဖွဲ့တစ်ခုရှိရခြင်းဖြစ်ပါသည်။လိုအပ်သောအမိန့်များကိုသူတို့အားထုတ်ပြန်ခိုင်းပါ၊တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုသူတို့အား ကိုယ်စားလွှဲပေးပါ။ သူတို့၏အလုပ်အား တန်ရာတန်ကြေးလုပ်ပါစေ၊ မှန်ပါသည်၊ မိမိကခိုင်းစေထားသော အလုပ်များမှန်ကန်စွာလုပ်ဆောင်နေခြင်း ရှိ မရှိ လိုက်ကြည့်ရန် တာဝန်မိမိတွင် ရှိပါသည်။ သို့ရာတွင် မိမိ၏အမိန့်များအတိုင်း ဆက်လုပ်ရန်ကိစ္စသည် ဦးစီးအဖွဲ့၏ တာဝန်ဖြစ်ပါသည်။ သူတို့အတွက် လိုက်လုပ်ပေးရန်မလိုပါ။

**“ပြောင်းလဲရန်မလိုသည့်စစ်နည်းဗျူဟာဆိုင်ရာ အခြေခံစည်းမျဉ်းတစ်ခုတည်းသာရှိသည်၊ ယင်းမှာ–ရန်သူကိုကျဆုံးဒဏ်ရာရ အများဆုံးဖြစ်စေရန်နှင့်အတိုတောင်းဆုံးအချိန်အတွင်းဖျက်ဆီးပစ်နိုင်ရန် မိမိလက်ထဲတွင်ရှိသော နည်းလမ်းအားလုံးကိုသုံးစွဲရန်ဖြစ်ပါသည်။”**

ရန်သူကိုလျှင်မြန်စွာ တိုက်ခိုက်ရမည်၊ ပြင်းပြင်းထန်ထန်တိုက်ခိုက်ရမည် ၊ အဆက်မပြတ်တိုက်ခိုက်ရမည်ဖြစ်ပါသည်။ ထိုးစစ်ကိုမည်သည့်အခါမျှ မရပ်နားပါနှင့် ။ တိုက်ပြီးရင်းတိုက်၊ တိုက်ပြီးရင်းတိုက်ရမည်။ ရန်သူကိုမြန်မြန်ဆန်ဆန် သတ်ဖြတ်ခြင်းနှင့် အဆက်မပြတ် တိုက်ခိုက်ခြင်းတို့ဖြင့် မိမိချွေတာမြိုးခြံရရှိခဲ့သော အချိန်များသည် မိမိ၏ရဲဘော်များ အသက်ဆုံးရှုံးခြင်းနှင့် စစ်မြေပြင်၏ ကြောက်မက်ဖွယ်ခံစားချက်များအတွက် ပေးရမည့်အချိန်များ လျှော့ပါးသွားစေရန်ဖြစ်သည်။ တိုက်ပွဲတွင် အသက်ဆုံးရှုံးမှုသည်မရှောင်လွှဲနိုင်ပါ။ သို့သော်အချိန်ဆုံးရှုံးစေမှုသည် ပြစ်မှုဖြစ်သည်။ စစ်ပွဲတစ်ခု၏ အောင်မြင်မှုကို နှောင့်နှေးစေမှန်း သိသော်လည်း အချိန်ဆွဲပြီး စစ်တိုက်ခြင်းဖြင့် ခဲယမ်းမီးကျောက်အမြောက်အမြားကို သုံးစွဲပစ်ခဲ့ကြသောတပ်မှူးများလည်းရှိကြသည်။ စစ်ပွဲကာလရှည်လျားစေခြင်းဖြင့်မိမိ၏စစ်သည်များကို လိုအပ်သည်ထက်ပို၍ အန္တရာယ်ရှိစေမှန်းသိကြသော်လည်း သူတို့သည် ဤအတိုင်းပဲလုပ်နေကြသည်။ ၎င်းတို့၏အကြောင်းပြချက်မှာ အစီရင်ခံသောကာလတစ်ခုအတွင်း ပျမ်းမျှဆုံးရှုံးမှုသည် များစွာမမြင့်မားစေရန်အတွက်ဖြစ်သည်။ တပ်မှူးကောင်းတစ်ယောက်သည် တူညီသော ခဲယမ်းမီးကျောက်ကို အလွန်တိုတောင်းသော အချိန်ကာလအတွင်း၌ သုံးစွဲခြင်းဖြင့် ပိုမိုကောင်းမွန်သော ရလဒ်ကိုရရှိစေရန် ပြုလုပ်နိုင်ပါသည်၊ ထိုတိုတောင်းသော ကာလအတွက်ထိခိုက်သေဆုံးမှုကိန်းဂဏန်းများသည်မြင့်မားသည်ဟုထင်ရသော်လည်း စစ်ပွဲတစ်ပွဲလုံးအတွက် အားလုံး ခြုံလိုက်လျှင်အမှန်တကယ်ဆုံးရှုံးမှုမှာ လျှော့နည်းမည်ဖြစ်သည်။ အဓိကကျသောအချက်မှာ အစီရင်ခံစာကို ပို၍အလေးထားသောတပ်မှူး၏နေ့စဉ်ဆုံးရှုံးမှုသည် နည်းပါးမည်ဖြစ်ပြီး အစီရင်ခံစာ(သတင်းစာခေါင်းစည်း)တွင် ပို၍ကြည့်ကောင်းမည်ဖြစ်သည်။တပ်မှူးကောင်း၏ နေ့စဉ်ဆုံးရှုံးမှုမှာ ပိုနေပါလိမ့်မည်။ သို့သော်တိုက်ပွဲစဉ်တစ်ခုလုံး သို့မဟုတ် စစ်ပွဲများပြီးသည်အထိရှုမြင်လျှင်မူ တပ်မှူးကောင်းအတွက်မှတ်တမ်းသည် အစီရင်ခံစာကို အလေးထားသော တပ်မှူး၏မှတ်တမ်းထက်လျော့နည်းပါလိမ့်မည်။ နောက်ထပ်ပိုမိုကောင်းမွန်စေသော အကျိုးကျေးဇူးများမှာ တိုက်ပွဲကာလတို အတွေးအခေါ်ရှိသော တပ်မှူးကောင်းသည် စစ်သည်များကို ရှည်လျားသောတိုက်ပွဲကာလအတွင်းသို့ အတင်းထိုးသွင်းခြင်းမပြုသဖြင့် သူတို့သည် ရန်သူပစ်ခတ်မှု အောက်တွင်နေရသည့်အချိန်ကာလသည် တိုတောင်းစေခြင်းဖြစ်ပါသည်။ တဖန်ဤအချက်ကြောင့် စစ်သည်များအတွက် ကျဆုံး၊ ဒဏ်ရာရရန် အလားအလာလျော့ပါးစေသည်။ သို့ဖြစ်၍ ကောင်းမွန်သောတပ်မှူး၏ စစ်သည်တော်များသည် စိုးရိမ်ကြောက်ရွံ့နေရခြင်း၊ မချိတင်ကဲဝေဒနာခံစားရခြင်း၊ ဆာလောင်မွတ်သိပ်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာဖိစီးမှုဒဏ်ခံရခြင်းတို့မှ လျော့ပါးသက်သာစေမည်ဖြစ်ပါသည်။

***စာရေးသူ၏အကြံပြုချက်*။** စီးပွားရေးအမြင်အရ ကြည့်မည်ဆိုလျှင် အရင်းအမြစ်အတိုင်းသည် အရည်အသွေးရှိသော ထုတ်ကုန်ပစ္စည်းဖြစ်လာစေရေးအတွက် ထုတ်လုပ်ရာတွင် အများဆုံးအကျိုးကျေးဇူးရှိစွာ အသုံးပြုနိုင်ရမည်ဖြစ်သည်။တချို့ကိစ္စများတွင်အရင်းအမြစ်သည်ထုတ်လုပ်မှုအတွက်မဖြစ်ဘဲမန်နေဂျာများ၏ သိန်းသန်းချီသောလစာများ၊ ရာထူးလုပ်ငန်းအရ ရရှိသောအကျိုးခံစားခွင့်များ၊ ဆုကြေးများနှင့် ကိုယ်ကျိုးအတွက်ဖြစ်စေခဲ့သည်။ နမူနာ တချို့အနေဖြင့်ကြည့်မည်ဆိုလျှင် မန်နေဂျာတစ်ဦး၏ စားပွဲပေါ်ရှိ အသစ်ဆုံး၊ အမြန်နှုန်းအကောင်းဆုံး ကွန်ပျူတာသည် ရှားရှားပါးပါးသာအသုံးပြုလေ့ရှိပြီး ၎င်း၏အတွင်းရေးမှူး အမြဲတမ်းအသုံးပြုသော ကွန်ပျူတာမှာ အဟောင်းဖြစ်နေခြင်း၊ စာရင်းကိုင်ဌာနမှ ဝန်ထမ်းများကလည်း လက်အောက်အလုပ်ဌာနများမှလိုအပ်သောစက်ပစ္စည်းကိရိယာများ တောင်းခံရာတွင်အထက် စီမံခန့်ခွဲရေးဌာနမှ ယခုလေးလပတ်တွင် ဘတ်ဂျက်သုံးစွဲငွေသိပ်များသည်ဟု အထင်မခံရစေရန် လက်အောက်မှတောင်းခံလွှာကိုပယ်ချခြင်း၊ ကွန်ပျူတာအစီအစဥ်မှူးများကို ဦးစားပေးလုပ်ငန်းစီမံကိန်းမှ ထုတ်နုတ်ပြီး အမှုဆောင်အရာရှိချုပ်၏ အစီရင်ခံစာတွင်ဖော်ပြပေးရမည့် သတင်းအချက်အလက်များ ကြည့်ကောင်းစေရန် သက်ဆိုင်ရာ မန်နေဂျာကစီစဥ်ပေးရခြင်း၊ နောက်ဆုံးဥပမာတစ်ခုမှာ ကွန်ပျူတာအစီအစဥ်မှူးတချို့ကို ဒေါ်လာသန်းချီတန်သော လုပ်ငန်းစီမံကိန်းတစ်ခုတွင် ဖြစ်ပေါ်နေသောပြဿနာတစ်ခုကို ပြုပြင်ပြောင်းလဲရန်အတွက် တာဝန်ပေးထားသော်လည်း ထိုပြဿနာသည် တစ်ပြားမျှမကုန်ဘဲ သူဘာသာသူ ဖြေရှင်းနိုင်သောကိစ္စဖြစ်နေခြင်း စသည်တို့ဖြစ်ပါသည်။

## “ပကတိပြည့်စုံကောင်းမွန်သော စည်းကမ်းတစ်မျိုးတည်းသာရှိသည်”

အဘိဓာန်များတွင် စည်းကမ်းဆိုသောစကားလုံးနှင့်ပတ်သက်၍ အများကိုပြုပြင်ပေးခြင်း၊ ပုံစံသွင်းခြင်း အမှန်ကိုတည့်မတ်စေခြင်း သို့မဟုတ် ပကတိပြည့်စုံကောင်းမွန်စေခြင်းဟူ၍ ဖော်ပြကြပါသည်။ ကောင်းမွန်သောတပ်မှူးတိုင်းကစည်းကမ်းသည်တပ်မတော်၏ အသက်သွေးကြောဖြစ်သည်ဟုဆိုကြပါသည်၊ စည်းကမ်းမရှိဘဲ အဖွဲ့အစည်းတစ်ခုကဖြစ်စေ လူတစ်ယောက်ကဖြစ်စေ အလုပ်တစ်ခုကို လည်ပတ်အောင် မလုပ်နိုင်ပါ။ လူတစ်ယောက်ကို ဂုဏ်သိက္ခာရှိသူ၊ ရိုးသားဖြောင့်မတ်သူနှင့် တန်ဖိုးရှိသူတစ်ယောက်အဖြစ် လူ့အဖွဲ့အစည်းကလက်ခံနိုင်ရန်စည်းကမ်းရှိရပါမည်။စီးပွားရေးလောကတွင် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်တစ်ရပ်၌ မိမိ၏ ကျေနပ်နှစ်သက်ဖွယ်ရာ အသက်မွေးမှုတစ်ခုအဖြစ်လက်ခံနိုင်ရန် စည်းကမ်းရှိရပါမည်။ တပ်မတော်တွင် စည်းကမ်းသည် လူ့အသက်များကို ကယ်တင်ရန်၊ ထောက်ပံ့မှုများနှင့် အချိန်ကိုချွေတာရန်တို့အတွက် လိုအပ်ပါသည်။ တိုက်ပွဲဖြစ်နေသော အခြေအနေတွင် အမိန့်များသည် မေးခွန်းထုတ်စရာမလိုဘဲ ချက်ချင်းလိုက်နာရမည်ဖြစ်သည်။ အမိန့်ကိုချက်ခြင်းလိုက်နာလုပ်ဆောင်ရန် လက်အောက်ငယ်သားများ၏ ပျက်ကွက်မှုသည် လူအသက်များစွာကို ဆုံးရှုံးစေခြင်းသာမက တိုက်ပွဲပါရှုံးနိမ့်သွားနိုင်ပါသည်။ တိုက်ပွဲရှုံးနိမ့်ခြင်းမှသည်စစ်ပွဲရှုံးနိမ့်ခြင်းဆီသို့ နောက်ဆုံးရောက်သွားနိုင်ပါသည်။ စစ်ပွဲရှုံးနိမ့်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာဆုံးရှုံးခြင်း အကြောင်းတရားဖြစ်လာနိုင်ပါသည်။ တပ်မှူးများသည် စီမံချက်များရေးဆွဲစဉ်က မိမိတို့၏အကြံဉာဏ်များကိုသိရှိစေရန်နှင့် ပေးဝေရန်အတွက် အချိန်အများအပြားရရှိပါသည်။ သို့သော်စီမံချက်ပြီးစီး၍အမိန့်ထုတ်ပြန်ပြီးသောအခါ သဘောမတူညီစရာ သို့မဟုတ် သဘောထားကွဲလွဲစရာ မရှိရပါ။ အားလုံးကတူညီသော စီမံချက်အတိုင်း မိမိတို့စွမ်းဆောင်ရည်ရှိသမျှ အကောင်းဆုံး လိုက်နာအကောင်အထည်ဖော်ရန်သာရှိပါသည်။ ပြည့်စုံကောင်းမွန်သော စည်းကမ်းရှိသည့် စစ်သည်တော်များသည် ဤအချက်ကို သေသေချာချာ နားလည်လက်ခံကြပါသည်။

**“လက်အောက်ကအထက်သို့သစ္စာရှိမှုအကြောင်းအများကြီးပြောကြသည်။သို့သော်အထက်မှအောက်သို့ သစ္စာရှိမှုကပို၍လိုအပ်ပြီးပို၍ပျံ့နှံ့မှုနည်းသည်။ထင်ရှားသောခေါင်းဆောင်များ၏ အင်္ဂါရပ်တစ်ခုသည် လက်အောက်ငယ်သားများအပေါ်တွင်သစ္စာရှိခြင်းဖြစ်သည်”**

အရာရှိဝတ်စုံဝတ်ထားသောကိုယ်ကျိုးရှာသမား၏သိသာထင်ရှားသော ပုဂ္ဂိုလ်ရေးညဉ်တစ်ခုမှာ လက်အောက်စစ်သည်များအပေါ်အကြီးအကျယ် သစ္စာမဲ့ခြင်းဖြစ်ပါသည်။ သူ့အတွက်သာ အခွင့်အာဏာတိုးတက်စေမည်ဆိုလျှင် အောက်လူကိုတက်နင်း၍ အထက်လူ၏ ခြေဖဝါးကိုနမ်းမည့်လူဖြစ်သည်။ ပုဂ္ဂိုလ်ရေးအကျိုးအမြတ်ရရှိရန်ကိစ္စမှာ သူ၏အဓိကစိတ်ဝင်စားမှုဖြစ်သည်။‘‘ဤသို့ပြုလုပ်လျှင်တပ်မတော်အတွက်ကောင်းမှာလား၊ ရဲဘော်များအတွက်ကောင်းမှာလား’’ ဟု သူသည်ဘယ်တော့မျှမေးလိမ့်မည်မဟုတ်ပါ။ မပြောင်းလဲသော သူ၏မေးခွန်းမှာ ‘‘ငါ့ဘဝရှေ့ရေးအတွက်ကောင်းမှာလား၊ငါ့အတွက်ဒီအထဲကဘာရနိုင်မလဲ’’ဟူ၍သာဖြစ်သည်။ ထိပ်ပိုင်းကွပ်ကဲမှုဌာနချုပ်များတွင် ရောက်ရှိနေကြသည့်လူတချို့သည် မိမိအကျိုးအတွက် ၁၀၀ ရာခိုင်နှုန်းအပြည့်တောင်းဆိုနေကြပြီးလက်အောက်ရဲဘော်အတွက် တစ်ရာခိုင်နှုန်းပင်တုံ့ပြန်မှုမပြုကြပါ။ ဤကဲ့သို့ ကိုယ်ကျိုးအတွက်အရူးအမူးဖြစ်နေကြသော ကိုယ်ကျိုးရှာသမားများကို ထိန်းချုပ်ရန် နည်းလမ်းမရှိသော်လည်း အရာရှိများသည်မိမိကိုယ်မိမိ ထိန်းချုပ်နိုင်ရန်တော့လိုပါသည်။ မိမိသည် အဆင့်မြင့်ရာထူးရလာသည့်အခါ အောက်ခြေမှာဘယ်လိုဖြစ်ခဲ့သလဲဆိုသည်ကိုမမေ့ပါနှင့်။ အောက်ခြေသိမ်း အလုပ်များလုပ်ခဲ့ရစဉ် မိမိကမျှော်လင့်ခဲ့ရပြီးကျေးဇူးတင်အသိအမှတ်ပြုခဲ့ရသည့် အထက်အရာရှိများ၏သစ္စာတရားနှင့် လေးစားမှုအတိုင်းယခုအခါ မိမိလက်အောက်မှလူများကိုပြန်ပေးပါ။ သစ္စာတရားနှင့်လေးစားမှုကို တပ်ဖွဲ့စိတ်၏ တစ်စိတ်တစ်ပိုင်းဖြစ်အောင်ပြုလုပ်ရန် မိမိတွင်တာဝန်ရှိသည်။ သစ္စာတရား၏အရေးကြီးမှုကို မိမိလက်အောက်မှ လူများက နားလည်လက်ခံသဘောပေါက်လာစေရန်ပြုလုပ်ရသည့် လုပ်ငန်းစဉ်သည်အလွန်အရေးကြီးသည်။ ယင်းလုပ်ငန်းစဉ်ကို မိမိ၏ဘဝသက်တမ်း တစ်လျှောက်လုံး ဆက်လက်လုပ်ဆောင်သွားခြင်းဖြင့် မွန်မြတ်သောသစ္စာစောင့်သိသည့် အကျင့်သီလကို မိမိလက်အောက်မှလူများက အသက်ထက်ဆုံးလိုက်နာသွားနိုင်မည်ဖြစ်ပြီး ၎င်းတို့မှ အခြားလူများအား တဖန်ဆက်လက်ဖြန့်ဝေပေးသွားနိုင်မည်ဖြစ်ပါသည်။

## “စစ်ပွဲတွင်စိတ်ကူးယဉ်၍မရပါ”

စစ်ပွဲခင်းကျင်းခြင်းသည် ကမ္ဘာပေါ်တွင် အရေးကြီးဆုံးနှင့် လေးနက်မှုအရှိဆုံး အလုပ်ဖြစ်သည်။ စကားကုန်အောင် ပြောရလျှင် တစ်နိုင်ငံလုံးက စွန့်စားရခြင်းလည်းဖြစ်သည်။ ယဉ်ကျေးသောလူမှုအဖွဲ့အစည်း တစ်ခုတွင် ရှုံမုန်းစရာကိစ္စရပ်များကို ရှောင်လွှဲ၍မရသည်မှာ သံသယဖြစ်စရာမလိုပါ၊ သို့သော်ယင်းတို့သည် တိုင်းပြည်ရှင်သန် လွတ်မြောက်ရေးအတွက်လိုအပ်သောလှုပ်ရှားမှုများဖြစ်ကြသည်။ မသိနားမလည်သောလူများ၏ အသက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် အကြိမ်များစွာရှိနိုင်ပါသည်။ ရန်သူနှင့် သူ့နိုင်ငံသားများအပေါ် ဆိုးဝါးစွာခံစားရစေနိုင်ခြင်းများလည်း တစ်ခါတစ်ခါတွင်ရှိနိုင်ပါသည်။ ဤအချက်များကို ရှောင်ကွင်း၍မရပါ။ တပ်မှူးတစ်ယောက်သည် မသိနားမလည်သူများ၏ အသက်ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ဖြစ်နိုင်သမျှ ကြိုးပမ်းအားထုတ်ရမည်ဖြစ်သော်လည်း စစ်ပွဲရှုံးနိမ့်စေသည်အထိတော့ အရောက်ခံ၍မရပါ။ ပုခက်အတွင်းမှအုတ်ဂူအထိ အချိန်ကာလအတွင်း လူ့ဘဝဆိုသည်မှာ ရှင်သန်မှုအတွက်အဆက်မပြတ်လှုပ်ရှား ရုန်းကန်နေရခြင်းဖြစ်ပါသည်။ လူတိုင်းသည် မိမိတို့ကိုယ်မိမိတို့ ကာကွယ်ရန်၊ မိမိတို့မိသားစုများကို ကာကွယ်ရန်နှင့် မိမိတို့တိုင်းပြည် ကိုကာကွယ်ရန်လုပ်ကြရပါသည်။ တိုင်းပြည်အတွက် မိမိအသက်ကို စွန့်လွှတ်ရန် ဆန္ဒရှိရမည်ဖြစ်သကဲ့သို့ မိမိတိုင်းပြည်အတွက် အန္တရာယ်ပြုလာမည့်လူများကို သတ်ဖြတ်ရန်လည်းပို၍ပင် ဆန္ဒရှိရပါမည်။ စစ်ပွဲသည် သတ်ဖြတ်ရသောအလုပ်ဖြစ်သည်။ ရန်သူကို သွေးထွက်အောင်လုပ်ရပါမည်၊ သို့မဟုတ်ပါက သူကမိမိကို ထိုသို့လုပ်လာပါလိမ့်မည်။

***စာရေးသူ၏အကြံပြုချက်***။ စီးပွားရေးသည် ပုဂ္ဂိုလ်ရေးခံစားချက်ဖြင့် တည်ထောင်၍ မရပါ။ အမြတ်အစွန်းရအောင်လုပ်ရပါမည်၊ အဆုံးအရှုံးကို ကာကွယ်ရမည်။ ဝန်ထမ်းများအား ငှားရမ်းထားခြင်းမှာ ခင်မင်မှုကြောင့် မဟုတ်၊ သူတို့၏ စွမ်းရည်ကို အသုံးပြုနိုင်ရန်အတွက်ဖြစ်သည်။

## "စစ်ပွဲသည် ရိုးစင်းသည်၊ တဲ့တိုးဖြစ်သည်၊ ရက်စက်သည်"

ရိုးစင်းသော၊ တဲ့တိုးဖြစ်သော၊ ရက်စက်သောလူကသာ စစ်ပွဲကိုဆင်နွှဲနိုင်သည်။ အကယ်၍ မိမိက လူ မသတ်လိုပါက စစ်ဘက်ဘဝလမ်းကြောင်းကို မရွေးချယ်ပါနှင့်။ လူတချို့တော့သေမည်ဆိုသည်ကို သိလျက်ဖြင့် မိမိလူများကို တိုက်ပွဲဝင်ရန်အမိန့်ပေးလိုသောဆန္ဒမရှိလျှင်အရပ်ထဲမှာပဲနေပါ။ ရန်သူ့လက်တွင်းကျရောက်သွားပါက အသေခံရန်ဆန္ဒမရှိလျှင်လည်း တပ်ထဲမဝင်ပါနှင့်။ ရန်သူကိုရက်ရက်စက်စက်သတ်ဖြတ်ပြီး ဖျက်ဆီးပစ်ရန် ဆန္ဒမရှိလျှင်လည်း အပြင်မှာပဲနေပါ။ စစ်ဘက်အဆောက်အအုံသည်ပျော့ညံ့သူများ၊ ဘဝကိုနှစ်မြှုပ်မထားနိုင်သူများ နှင့် စစ်ဘက်အတတ်ပညာမကျွမ်းကျင်သူများ ရှိရမည့်နေရာမဟုတ်ပါ။

***စာရေးသူ၏အကြံပြုချက်***။ အချို့သော လူတို့သည် ရှင်းလင်းဖော်ပြခြင်းမရှိသော၊ နားမလည်နိုင်သော အကြောင်းပြချက်များဖြင့် စီးပွားရေးလုပ်ငန်းသည် တရားမျှတမှုရှိသည်ဟုယူဆကြသည်၊ စီးပွားရေးတွင် တရားမျှတမှုမရှိပါ။ အကောင်းဆုံးကုန်ပစ္စည်းကို အကောင်းဆုံးဈေးနှုန်းဖြင့် စားသုံးသူလက်ထဲသို့ အခြားယှဉ်ပြိုင်သူများထက် ဦးစွာ ရောက်ရှိစေရန်လုပ်ရသည်။ မိမိ၏ ကုန်ပစ္စည်းကိုလည်း အစဉ်တိုးတက်နေစေရန် ပြုလုပ်ရပြီး ယှဉ်ပြိုင်သူထက် ရှေ့သို့ရောက်နေရန်လုပ်ရမည်။ ဤကဲ့သို့ မလုပ်နိုင်လျှင် မိမိသည် စီးပွားရေးလောက၌ နေ၍မရပါ။ ဥပဒေများဖြင့် အရေးယူခံရခြင်းမရှိဘဲ စီးပွားရေးလုပ်ငန်းခွင်တွင် ရှင်သန်နေနိုင်ရန် မိမိသည် ဘာမဆိုတတ်စွမ်းသမျှ လုပ်ရမည်သာ ဖြစ်ပါသည်။

## "ဆုံးဖြတ်ထားပြီးဖြစ်သော အချက်တစ်ခုကို စိတ်ထဲမြဲမြဲစွဲထားပြီးအတင်းတွန်းလုပ်ပါ"

မိမိလျှောက်နေသည့် ခရီးလမ်းတွင် ရပ်တန့်သွားစေရန် မည်သူကမျှ ခုခံမနေစေရပါ။ ရန်သူသာမက မိမိ၏အထက်ဌာနများလည်းအပါအဝင်ဖြစ်သည်။ ပန်းတိုင်တစ်ခုကိုတွေ့ထားပြီးပြီဆိုလျှင် မိမိ၏အသွေးအသားအကြောအမြှင်အားလုံးသည် ထိုပန်းတိုင်ပေါ်တွင်အာရုံစူးစိုက်ထားရမည်ဖြစ်၏။ မြှောက်ပင့်သင့်လျှင်မြှောက်ပင့်ပေးရမည်၊ ခခယယလုပ်သင့်လည်း လုပ်ရမည်၊ ဆွဲဆောင်မှုလုပ်သင့်လည်းလုပ်ရမည်။ ဒေါသကြီးသူ၊ထော်လော်ကန့်လန့်သမား သို့မဟုတ်ဖော်လံဖားသမားကဲ့သို့လည်းလုပ်ပြနိုင်သည်။ဤကိစ္စများကအရေးမကြီးပါ၊ အဓိကအလေးထားရသည်မှာရည်မှန်းချက်တာဝန်ဖြစ်သည်။ ရည်မှန်းချက်သို့အတင်းတွန်းလုပ်ခြင်းသည် အသက်များစွာကို ကယ်တင်နိုင်သည်။ နာနာတွန်းလေရန်သူများများသေဆုံးလေဖြစ်၏။ ရန်သူကို များများသတ်နိုင်လေ မိမိစစ်သည်အဆုံးအရှုံးနည်းလေဖြစ်၏။ အတင်းတွန်းခြင်းသည် ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရန်နှင့် မိမိ၏လူများ ဒုက္ခခံစားရမှုလျော့ပါးစေရန်ဖြစ်သည်။ ပန်းတိုင်သို့မရောက်မချင်း တွန်းတင်ခြင်းကို မရပ်ပါနှင့်။

## “အရှုံးမပေးလျှင်အနိုင်မခံရပါ”

မိမိတိုက်နိုင်သမျှ တိုက်ခိုက်နေသမျှ၊ အရှုံးမပေးသေးသမျှ၊ အပြစ်ပေးခြင်းမခံရနိုင်ပါ။ သေခြင်းတရားကသာ မိမိ၏ အကောင်းဆုံးလုပ်ဆောင်မှုကို ရပ်တန့်စေနိုင်သည်။ အကယ်၍ တိုက်ပွဲဝင်ရင်းသေသွားသည့်တိုင် ယုံကြည်ချက်ကြောင့်သေဆုံးရခြင်းဖြစ်၍ မိမိသည် အာဇာနည်တစ်ဦးအဖြစ် မှတ်ကျောက်တင်ခံရနိုင်ပါသေးသည်။ ရန်သူသည် မိမိ၏ ခန္ဓာကိုယ်ကို နင်းချေဖျက်ဆီးပစ်နိုင်သော်လည်း သိမ်းပိုက်စိုးမိုးခြင်းမခံရသည့် မိမိ၏စိတ်ဓါတ်သည် မည်သည့်အခါမျှ ရှုံးနိမ့်ခြင်းမရှိခဲ့ပါ။ မည်သည့်အခါမျှ လက်မြှောက်အရှုံးပေးခြင်းမပြုပါနှင့်။

## ဘာသာပြန်သူ၏ဝန်ခံချက်

မိုလ်ချုပ်ကြီးပက်တန်၏အမှာစကားများသည်အခြေအနေတစ်ရပ်တွင်ဖြစ်ပေါ်နေသောသူ၏ခံစားချက်အသိအမြင်နှင့် အတွေ့အကြုံတို့မှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ ပွင့်လင်းရိုးရှင်းစွာ ထုတ်ဖော်ပြောကြားချက်များသည် ဆရာစားမချန် အိပ်သွန်ဖာမှောက်ပေးဝေခြင်းများဖြစ်သောကြောင့် စာရှုသူများအတွက်ထူးခြားသည့်အခွင့်အရေးဖြစ်ပါသည်။ ကိုယ်တိုင်ပြောခဲ့သော စကားရင်းများဖြစ်၍ တစ်ဆင့်ခံပြန်ကြားသောသမိုင်းအတ္ထုပ္ပတ္တိထက်လည်း ပို၍သေချာသည့်အပြင် တန်ဖိုးလည်းမြင့်ပါသည်။ ခံစားတတ်မည်ဆိုလျှင် မိုလ်ချုပ်ကြီးပက်တန် နှင့် ကိုယ်တိုင်စကားပြောနေရဘိသကဲ့သို့ခံစားနိုင်ပါသည်။ ထို့ကြောင့်လည်း စာရေးသူက တစ်ကြိမ်ဖတ်လျှင် အမှာစကားတစ်ခုသာ ဖတ်ပါရန် မေတ္တာရပ်ခံထားခြင်းဖြစ်တန်ရာသည်ဟု ထင်ပါသည်။

မည်သို့ပင်ဖြစ်စေ ရာစုနှစ်ထက်ဝက်ကျော်ခဲ့ပြီဖြစ်သော မိုလ်ချုပ်ကြီးပက်တန်၏ အမှာစကားများအား ဘာသာပြန်သူကအပြည့်အဝထောက်ခံသည်ဟူ၍ကားမယူဆစေလိုပါ။အလားတူ မိုလ်ချုပ်ကြီးပက်တန်၏ စစ်နည်းဗျူဟာအမြင်များကို စာရေးသူက စီးပွားရေးစီမံခန့်ခွဲမှုလုပ်ငန်းနယ်ပယ်၌သုံးစွဲနိုင်ပုံ အကြံပြုချက်များသည် မျက်မှောက်ခေတ် အခြေအနေတွင် ခေတ်မီနေဆဲဟူ၍လည်း မျှော်လင့်ချက်မပေးလိုပါ။ သို့ရာတွင် လေ့လာသင်ယူစရာနှင့် သင်ခန်းစာရယူစရာအချက်အလက်အများအပြားကိုကား ရှာဖွေတွေ့ရှိနိုင်ပါသဖြင့် စာရှုသူများ အကျိုးငှာဘာသာပြန်ရကျိုး နပ်သည်ဟု ယုံကြည်ပါသည်။

ပြောင်ကျလွန်းသော တိုက်တွန်းချက် အနည်းအကျဉ်း၌ မူလဆိုလိုရင်း အဓိပ္ပါယ်လည်းမပျက်၊ ဘေးထွက်ဆိုးကျိုးလည်း မဖက်စေရန် စကားလုံးတချို့ကိုကား ပြုပြင်သုံးစွဲခဲ့ပါကြောင်း ဝန်ခံအပ်ပါသည်။

JP